ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်



ကုလားဘီကျေးရွာအုပ်စု၊ကုလားဘီကျေးရွာ

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ....................................................................3

၂။ ကုလားဘီကျေးရွာတည်နေရာပြမြေပုံ ....................................................................5

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း....................................................................6

၄။ ကျေးရွာအခြေခံအချက်အလက်များ ....................................................................6

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ....7

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ....................................................................9

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................................................................... 18

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း .................................................................... 20

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁).............................Error! Bookmark not defined.

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) .............................Error! Bookmark not defined.

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃).............................Error! Bookmark not defined.

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄).............................Error! Bookmark not defined.

၁၃။ အစည်းအဝေးမှတ်တမ်းများ .............................Error! Bookmark not defined.

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ .................................................................... 21

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ .................. 21


၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ............. 22

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Chaungzon
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Hin Thar Kyun
Se Pa Lar
Kawt Ka Daik
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ကုလားဘီကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ကုလားဘီကျေးရွာအုပ်စု | ကုလားဘီကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

| | |
|---|---|
| ကျေးရွာအမည် | - ကုလားဘီကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - ကုလားဘီကျေးရွာအုပ်စု |
| လူဦးရေ | - ကျား - ၄၆၇ ၊ မ-၅၀၆ ၊ စုစုပေါင်း - ၉၇၃ဦး |
| အိမ်ထောင်စု | - ၂၂၀စု |
| တိုင်းရင်းသားလူမျိုးစု | - မွန် |
| ပညာရေးအဆောက်အဦး | - အလယ်တန်းကျောင်း ၊ မူကြိုကျောင်း |
| ကျန်းမာရေး အဆောက်အဦး | - ကျေးလက်ဆေးပေးခန်း၊ ဆေးပေးခန်း |
| လူမှုရေးအဆောက်အဦး | - ဘုန်းကြီးကျောင်း ၊စေတီ၊ ဇရပ်၊ ဈေး၊ အုပ်ချုပ်ရေးမှူးရုံး၊ |
| အဓိကစီးပွားရေးလုပ်ငန်း | - လယ်၊ ကိုင်း၊ ငါးဖမ်းလုပ်ငန်း |
| အဓိကပိုင်ဆိုင်မှု | - လယ်ယာ၊ ကိုင်း၊ ငါးဖမ်းလှေ |
| အခြားဆက်သွယ်မှု | - ရွာနီးနားချင်းများနှင့်ချိတ်ဆက်မှုရှိ |

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 6.10.2017 | ကျေးရွာလူထု | 85 | 99 | 184 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 6.10.2017 | ကျေးရွာလူထု | 85 | 99 | 184 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 6.10.2017 | ကျေးရွာလူထု | 85 | 99 | 184 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 7.10.2017 | ကျေးရွာလူထု | 90 | 105 | 195 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက် လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 7.10.2017 | ကျေးရွာလူထု | 90 | 105 | 195 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများ ကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 7.10.2017 | ကျေးရွာလူထု | 90 | 105 | 195 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 7.10.2017 | ကျေးရွာလူထု | 90 | 105 | 195 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## ၆.၁ အရင်းအမြစ်ပြမြေပုံ



**ကုလားဘီကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကုလားဘီကျေးရွာအုပ်စု၊ ကုလားဘီကျေးရွာ တွင် အိမ်ထောင်စု (၂၂၀) ရှိပြီး လူဦးရေစုစုပေါင်း (၉၇၃) ဦး နေထိုင်ကြပါသည်။ မွန်လူမျိုးအများဆုံး နေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း အနည်းအငယ်နေထိုင်ကြသည်။ အိမ်ထောင်စု (၂၂၀) စု ရှိသည့်အနက် အမျိုးသားဦးဆောင်သော အိမ်ထောင်စုမှာ (၃၀၀) စုခန့်ရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ (၂၀) စုခန့်ရှိကြောင်းတွေ့ရသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ ရေလုပ်ငန်းတို့ဖြစ်ပြီး ပန်းရံ၊ လက်သမားနှင့် ကျဘမ်းအလုပ်များဖြင့် လည်း အသက်မွေးကြပါသည်။ လူငယ်အများစုမှာ ပြည်ပနိုင်ငံများဖြစ်သည့် ယိုးဒယား၊ မလေးရှားနှင့် ကိုးရီးယားနိုင်ငံတို့တွင်လည်း သွားရောက်အလုပ်လုပ်ကိုင်ကြသည်။

ကျေးရွာ၏ ဘာသာရေးအဆောက်အဦးအနေဖြင့် ဘုန်ကြီးကျောင် (၁) ကျောင်းနှင့် စေတီ တည်ရှိပါသည်။ ကျေးရွာ၏ အရင်းအမြစ်များအနေဖြင့် အ.လ.က ကျောင်း၊ မူကြိုကျောင်း၊ ကျေးရွာဇရပ်၊ အုပ်ချုပ်ရေးမှုးရုံး၊ ဈေး စသည်တို့ရှိသည်။ အ.လ.က ကျောင်းသည် လယ်ကွက်မြေ ဖြစ်သဖြင့် မိုးတွင်းအခါတွင် ရေမြုပ်ပြီး ကျောင်းသားများ ဆော့ကစားရန်၊ စက်ဘီးများထားရန် နေရာ အခက်အခဲနှင့်ကြုံတွေ့နေရပါသည်။

လူထုဗဟိုပြုစီမံကိန်းမှ (၂) နှစ်တာ ကွန်ကရစ်လမ်းများခင်းထားသဖြင့် ကျေးရွာတွင်းတွင် လမ်းပန်းဆက်သွယ်ရေးအတော်ကောင်းမွန်နေပြီးဖြစ်သော်လည်း ကျန်ရှိနေသေးသော မြေသားလမ်းများမှာ မိုးရေနှင့် ချောင်းရေကျော်ကာ အခက်အခဲရှိနေဆဲဖြစ်ပါသည်။


ကျေးရွာအနေဖြင့် လယ်ကွင်းတွင်တည်ရှိသောကြောင့် ရေတွင်းတူးလျှင် ရေချိုမရရှိပါ။ မိုးရေလှောင်သည့်မြေသားရေလှောင်ကန်ကိုသာ အဓိကအားထားနေရပါသည်။ တစ်ရွာလုံးအတွက် သောက်သုံးရေကို ရေကန် (၄) ကန်မှရယူနေကြသည်။ ချောင်းနှင့်နီးသော အချို့အိမ်များသည် ချောင်းရေကိုသုံးကြသည်။ မြေသားကန်ဘောင်ဖြစ်သောကြောင့် မြေပြိုကျခြင်း၊ ကျွဲ၊ နွားများ ဝင်ခြင်းတို့ကြောင့် သန့်ရှင်းသော သောက်သုံးရေလုံလောက်မှုမရှိပေ။

ပညာရေးကဏ္ဍအနေဖြင့် ကျေးရွာအတွင်းရှိ ကလေးငယ်များသည် အလယ်တန်းအထိသာ မိမိတို့ကျေးရွာအတွင်းတွင် ပညာသင်ကြားခွင့်ရပြီး အထက်တန်းတက်ရောက်လိုလျှင် (၁) မိုင်ကျော်ဝေးသော မုဒူးကျေးရွာသို့သွားရောက်တက်ရောက်ကြရသည်။ ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနောင့်နှေးနေခြင်းတို့ကြောင့် ပညာရေးကို အားပေးမှုနည်းပါးသည်။

ကျေးရွာလူထုအများစုသည် လယ်လုပ်ကြပြီး မိုးစပါးနှင့် ဆောင်းရာသီတွင် ပဲမျိုးစုံစိုက်ပျိုးကြသည်။ အလုပ်အကိုင်ရှားပါးသောကြောင့် လူငယ်အများစုမှာ ထိုင်း၊ မလေးရှားနိုင်ငံများ တွင် သွားရောက်လုပ်ကိုင်ကြသူများလည်းရှိသည်။

ကုလားဘီကျေးရွာအနေဖြင့် တစထက်တစ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။ မော်လမြိုင်မြို့နှင့်လည်း တံတားဆက်သွယ်ထားပြီးဖြစ်သောကြောင့် ရောင်းဝယ်ဖောက်ကားရေးတွင်လည်း ယခင်ကထက်စာလျှင် ပိုမိုတိုးတက်လာသည်။ လျှပ်စစ်မီးများလည်းရရှိသုံးစွဲနိုင်ကြပြီဖြစ်သောကြောင့် လူနေမှုအဆင့်အတန်းများလည်း ပြောင်းလဲလာသည်ကို တွေ့ရသည်။ ကျေးရွာအနေဖြင့် ရုပ်ပိုင်းဆိုင်ရာကဏ္ဍများတွင် တိုးတက်လာသည်ကိုတွေ့ရသည်။ ၎င်းအား ဆက်လက်ရှင်သန်ဖွံ့ဖြိုးသွားရန်နှင့် ရေရှည်တည်တံ့သွားနိုင်ရန် ကျေးရွာလူထုများအား အတွေးအခေါ်မြှင့်တင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းများ လုပ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပြမြေပုံ




**ကုလားဘီကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ကုလားဘီကျေးရွာအုပ်စု၊ ကုလားဘီကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို လုပ်ကိုင်နေကြသည့်အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

၂။ ကျေးရွာမီးလင်းရေးအဖွဲ့

၃။ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီ

၄။ မြစိမ်းရောင်ကော်မတီ

၅။ နာရေးကူညီမှုအသင်း

၆။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့

၇။ ကိုးရိုးယားချေးငွေအဖွဲ့

၈။ မေတ္တာဖောင်ဒေးရှင်း

၉။ UNDP စပါးဘဏ်

၁၀။ သမအဖွဲ့

၁၁။ လူထုဖဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့တို့ဖြစ်သည်။

ဖော်ပြပါအဖွဲ့အစည်းများတွင် မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့် တိကျသော တာဝန်ဝတ္တရားများ သတ်မှတ်ထားနိုင်မှု မရှိသေးသည်ကို တွေ့ရသည်။ မြစိမ်းရောင်ချေးငွေ၊ ကိုးရီးယားချေးငွေ၊ သမဝါယမ ချေးငွေ၊ မေတ္တာဖောင်ဒေးရှင်းချေးငွေ၊ UNDP စပါးဘဏ်နှင့် လူထုဖဟိုပြုစီမံကိန်းရံပုံငွေများဖြင့် ကျေးရွာ၏အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာအောင် များစွာ အထောက်အကူပြုလျက်ရှိသည်။ သို့သော်လည်း အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ထားခြင်းကား အားနည်းနေသည်ကိုတွေ့ရသည်။ ရေရှည်ဖွံ့ဖြိုးရေးတည်တံ့သွားနိုင်ရန် ခေတ်မီနည်းပညာများနှင့် ကျေးရွာလူထုများမှ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်တတ်ရန်၊ ပူးပေါင်းလုပ်ဆောင်လိုသည့် အသိစိတ်ဓါတ်များအားကောင်းလာအောင် လုပ်ဆောင်အမြင်ဖွင့်ရန် လိုအပ်ပါသည်။ မြစိမ်းရောင်ကော်မတီနှင့် လူထုဖဟိုပြုစီမံကိန်းကော်မတီတို့သည် စာရင်းဇယားများကို စနစ်တကျ ပြုလုပ်ပြီးကောင်းကောင်းမွန်မွန် ထိန်းသိမ်းထားသည့် အားသာချက်ကိုလည်း လေ့လာတွေ့ရှိရသည်။

### ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း

| သတ်မှတ်ချက် | ပိုင်ဆိုင်မှုများ | အိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|
| အဆင့်(၁) | လယ်မြေ (၁၀)ဧကနှင့်အထက်၊ လယ်ထွန်စက်ငယ်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ တိုက်အိမ်၊ ဟာလာစက်၊ ကုန်မာဆိုင် | ၅၅ | |
| အဆင့်(၂) | လယ်မြေ (၅)ဧကနှင့်အထက်၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ ငါးဖမ်းပိုက်၊ လှေ၊ လက်ဖက်ရည်/အအေးဆိုင်၊ ပျဉ်ထောင်အိမ်၊ ကျွဲ၊ နွား၊ ကုန်မာဆိုင်၊ သဲ၊ကျောက်လုပ်ငန်း | ၁၀၀ ခန့် | |
| အဆင့်(၃) | လယ်မြေဧက အနည်းအကျဉ်း၊ ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ကိုင်သူ၊ ဖုန်း၊ ဆိုင်ကယ်၊ ဓနိမိုး၊ ထရံကာ ခေါင်းမှက်၊ ဗျက်တိုး၊ ကြက်၊ ဝက် | ၂၀၀ ကျော် | |

**ကုလားဘီကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**


ကုလားဘီကျေးရွာနေလူထုအများစုသည် လယ်ယာစိုက်ပျိုးခြင်း၊ ကိုင်းသီးနှံစိုက်ပျိုး ခြင်း၊ ရေလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ကျဘမ်းလုပ်ကိုင်ကြသည့်အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည်များလည်းရှိကြသည်။ ၎င်းတို့၏စီးပွားရေးနှင့်ပိုင်ဆိုင်မှုများအပေါ် အခြေခံပြီး အဆင့်

(၃) ဆင့်ခွဲခြားရာတွင် လယ် (၁၀) ဧကနှင့်အထက်၊ တိုက်အိမ်၊ ကား၊ ဟာလာစက်၊ ဆိုင်ကယ်၊ ထော်လာဂျီရှိသူများကို အဆင့် (၁) ဟုသတ်မှတ်ပြီး အိမ်ထောင်စု (၅၅) စုခန့်ရှိသည်။

လယ်မြေ (၅) ဧကနှင့်အထက်၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ လဖက်ရည်/ အအေးဆိုင်၊ ပျဥ်ထောင်အိမ်၊ ကျွဲ၊ နွား၊ ကုန်မာဆိုင်၊ သဲကျောက်လုပ်ငန်းများရှိသည့် အိမ်ထောင်စုများကို အဆင့် (၂) ဟုသတ်မှတ်ပြီး အိထောင်စု (၁၀၀) ခန့်ရှိကြောင်းတွေ့ရသည်။ ဤအဆင့်ရှိ အိမ်ထောင်စုများသည် အများအားဖြင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်ပြီး ရရှိလာသည့် ငွေကြေးများဖြင့် မိမိတို့ကျေးရွာ ပြန်လည်ရင်းနှီးလုပ်ကိုင်စားသောက်ပြီး အဆင်ပြေလာကြသူများ ဖြစ်ကြောင်းတွေ့ရသည်။

လယ်မြေဧက အနည်းအကျဥ်း၊ ပန်းရံ၊ လက်သမား၊ ကျဘမ်းလုပ်ကိုင်သူ၊ ဖုန်း၊ ဆိုင်ကယ်၊ ခနိမိုး၊ ထရံကာ၊ ခေါင်းရွက်ဗတ်ထိုး၊ ကြက်၊ ဝက်စသည့်ဥစ္စာခနပိုင်ဆိုင်ထားသူများကို အဆင့် (၃) ဟုသတ်မှတ်ပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ထက်ဝက်ကျော် (၂၀၀) ခန့်ရှိကြောင်း တွေ့ရသည်။ ကျေးရွာအတွင်းတွင် စီးပွားရေးမပြေလည်သည့်အိမ်ထောင်စုများနေရခြင်းမှာ အဓိကအားဖြင့် အလုပ်အကိုင်ရှားပါးခြင်းကြောင့်ဖြစ်သည်။ စိုက်ပျိုးရေးနည်းပညာများ မဖွံ့ဖြိုးခြင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများမဖွံ့ဖြိုးခြင်းနှင့် သယံဇာတအရင်းအမြစ်အားနည်းခြင်းများရှိနေသည်ကိုလည်း သုံးသပ်တွေ့ရှိရသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



**ကုလားဘီကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

ကုလားဘီကျေးရွာရှိ အမျိုးသမီးများနှင့် အမျိုးသားတို့အကြားဆက်ဆံရေးအခြေအနေ များကို အခြေခံအနေအကြောင်းအရာ (၁၀) ချက်ဖြင့် ဆွေးနွေးထားသည့် ပင့်ကူအိမ်ဆွေးနွေးခြင်းမှ ရရှိလာသည့် ရလဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဘဝလုံခြုံမှုအခြေအနေတွင် အမျိုးသားများက အဆင့် (၉) ထိရှိပြီး အမျိုးသမီးများအနေဖြင့် အဆင့် (၅) သာရှိသည်ကိုတွေ့ရသဖြင့် အမျိုးသမီးတို့အတွက် လုံခြုံမှုအားနည်းနေကြောင်းတွေ့ရသည်။ အနီးပတ်ဝန်းကျင်ရွာတို့တွင် သက်ငယ်မုဒိမ်းမှုဖြစ်ခဲ့သည်များကလည်း အမျိုးသမီးများ၏ ဘဝလုံခြုံမှုအားနည်းခြင်းကိုဖော်ပြလျက်ရှိသည်။

ရပ်ရွာအရေးကိစ္စရပ်များတွင်ပါဝင်ခွင့်ရရှိမှုကဏ္ဍတွင်လည်း အမျိုးသားများကသာ ဦးဆောင်နေကြောင်းကို အဆင့်သတ်မှတ်ချက် (၉) ရရှိနေခြင်းကဖော်ပြနေသည်။ အမျိုးသမီးများမှာ အဆင့် (၇) တွင်ရှိပါသည်။ အမျိုးသမီးများကလည်း တန်းတူပါဝင်ခွင့်ရလာအောင် ကျား/မ ရေးရာကဏ္ဍအမြင်ပွင့်လာအောင် တွန်းအားပေးရဦးမည်ဖြစ်သည်။

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများက အဆင့်(၈) နှင့် အမျိုးသားများမှ အဆင့် (၅) သာရှိသည်ကိုတွေ့ရသည်။ အတန်းပညာသင်ကြားခွင့်တွင် အမျိုးသမီးများမှ အခွင့်အလမ်းပိုသာပြီး အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးအခွင့်တွင်မူ အမျိုးသားများမှ ပိုမိုအခွင့်အလမ်းများသည်။

အဘယ်ကြောင့်ဆိုသော် အမျိုးသားများသည် အကြမ်းခံနိုင်စွမ်းရှိခြင်း၊ လူမှုရေးထိန်းချုပ်ထားမှုများ မရှိခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းပညာပို၍ တတ်မြောက်ကြသည်။

အရင်းအမြစ်စီမံခန့်ခွဲအသုံးပြုခြင်းတွင် အမျိုးသားများနှင့် အမျိုးသမီးတန်းတူဖြစ်ကြောင်း တွေ့ရသည်။ အမျိုးများမှ အဆင့် (၇) နှင့် အမျိုးသမီးများမှလည်း အဆင့် (၇) ဖြစ်သည်။ ဤကဏ္ဍတွင်လည်း ကျား/မ ရေးရာလွှမ်းမိုးမှုနည်းပါးသည်ဟု ပြောနိုင်ပါသည်။

ဥစ္စာခနပိုင်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင် အမျိုးသမီးများနှင့် အမျိုးသားများ သတ်မှတ်ချက်အဆင့်တူညီကြောင်းတွေ့ရသည်။ တစ်ဖက်သတ်လွှမ်းမိုးမှုအခြေအနေမရှိသလောက်နည်းသဖြင့် အမျိုးသမီးများမှလည်း ၎င်းတို့ကိုယ်တိုင် ယုံကြည်မှုရှိပြီး အမျိုးသားများနှင့် တန်းတူစွမ်းဆောင်ခွင့်၊ အကျိုးခံစားခွင့်ရှိကြောင်းတွေ့ရသည်။

ဝင်ငွေရရှိမှုအနေဖြင့် အမျိုးသားများမှ အဆင့် (၉) နှင့် အမျိုးသမီးများမှာ အဆင့် (၈) တွင်ရှိသည်ကို တွေ့ရသည်။ အမျိုးသားများမှ ဝင်ငွေပိုရှာနိုင်သည်ဟု ယူဆရသည်။ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စများတွင် အချိန်ပေးနေရခြင်းကြောင့် ဝင်ငွေရှာဖွေရသည့်အလုပ်ကို အမျိုးသားများကဲ့သို့ မလုပ်ကိုင်နိုင်ခြင်းဖြစ်သည်။

ခေါင်းဆောင်မှုအပိုင်းတွင် အမျိုးများမှ အဆင့် (၈) တွင်ရှိပြီး အမျိုးသမီးများမှာ အဆင့် (၇) တွင်ရှိသည်။ အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှု အနည်းငယ်အားနည်းနေသည်။ အမျိုးသမီးများ၏ ခေါင်းဆောင်မှုအပိုင်းကို ပိုမိုယူလာနိုင်စေရန်အတွက် အားပေးရဦးမည်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများမှာ အဆင့် (၉) ရှိပြီး အမျိုးသမီးများမှာ အဆင့် (၇) ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရရှိမှုနည်းခြင်း၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နည်းပါးခြင်းတို့ကိုပါအကြောင်းအကျိုး ဆက်နွယ်၍ဖြစ်ပေါ်စေသည်ကိုတွေ့ရသည်။

## ၆.၅ ရာသီခွင်ပြဇယား




**ကုလားဘီကျေးရွာ ရာသီခွင်ပြဇယား သုံးသပ်ချက်**

ကုလားဘီကျေးရွာအနေဖြင့် စပါးနှင့် ပဲမျိုးစုံကိုစိုက်ပျိုးခြင်း၊ လယ်၊ ကိုင်းနှင့် ရေလုပ်ငန်းတို့ကိုလုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးကြသည်။ သောက်သုံးရေနစ်စဉ်ရှားပါးမှုကို ကြုံတွေ့ရသည်။ တပေါင်းလမှ ကဆုန်လကုန်အထိ ရှားပါးလေ့ရှိသည်။ ကျန်းမာရေးအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါသည် အဖြစ် များသည်။ လယ်ကွင်းများခြင်း၊ ချောင်း၊ မြောင်းများ ရေစီးရေလာမကောင်းခြင်းတို့ကြောင့် ဖြစ်သည်။ (၁၂) လရာသီတွင် ပွဲတော်မှာ (၉) လခန့်ရှိသည်။ တန်းခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေ သွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲနှင့် နစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ တန်ဆောင်းမုန်းလတွင် ကထိန်ပွဲနှင့် တန်ဆောင်တိုင်ပွဲတော်၊ တပေါင်းလတွင် ကျေးရွာဘုရားပွဲ၊ သဲပုံ စေတီပွဲနှင့် ရဟာန်းခံရှင်ပြုပွဲများ နစ်စဉ်ကျင်းပလေ့ရှိသည်။

ယခုအခါတွင် လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းတို့တွင် လုပ်သားရှားပါးသည့် အခက်အခဲနှင့် ကြုံတွေ့နေရသည်။ ပွဲတော်ကျင်းပချိန်နှင့်တိုက်ဆိုင်ပါက လူထုပူးပေါင်းပါဝင်မှု အားနည်းကြသည်။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



**ကုလားဘီကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ကုလားဘီကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အဓိကကျသော အခြေခံအဆောက်အဦးအများအပြား လိုအပ်ချက်ရှိနေသေးသည်ကို တွေ့ရသည်။ ရပ်ရွာအရေးတွင် ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့် နှင့် အရင်းအမြစ်များကို ထိန်းချုပ်မှုအပိုင်းတွင်အမျိုးသားများမှ ပိုမိုဦးဆောင်နေသည်ကို တွေ့ရသော်လည်း ရှိရင်းစွဲ အခြေခံအဆောက်အဦများ၊ အရင်းအမြစ်များ သုံးစွဲမှုတွင်မှု အမျိုးသား/သမီးများ တန်းတူသုံးစွဲမှုများရှိသည်ကို တွေ့ရပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ကျောင်းဝင်းအတွင်းရေလွှမ်းမိုးနေသဖြင့် ကလေးငယ်များ ကစားရန်နှင့် စက်ဘီးထားရန် ခက်ခဲခြင်း |
| ၂ | ကျား/မ | ကျေးရွာအတွင်း အားကစားကွင်းမရှိခြင်း |
| ၃ | ကျား | ရေငန်ဝင်ရောက်သဖြင့် စိုက်ပျိုးသီးနှံများပျက်စီးခြင်း |
| ၄ | ကျား/မ | အလုပ်အကိုင်ရှားပါးခြင်း |
| ၅ | ကျား/မ | ကျေးရွာဈေးမရှိခြင်း |
| ၆ | မ | ရေလွှမ်းမိုးသဖြင့် မြေသားလမ်းများပျက်စီးပြီးသွားလာရခက်ခဲခြင်း |

## ၁၅။ ၂၀၂၂-၂၀၂၃နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာလမ်းများအား အဆင့်မြှင့်တင်ရန် |
| ၂ | ကျား/မ | အုတ်စီရေမြောင်းတည်ဆောက်ခြင်း |
| | | |
| | | |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက်ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများ ဆွေးနွေးရာတွင် ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထုတစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | အလှပြင်သင်တန်း | မ | | |
| | ၃ | သဘာဝမြေသြဇာပြုလုပ်နည်းသင်တန်း | ကျား/မ | | |
| | ၄ | လျှပ်စစ်ဆိုင်ရာသင်တန်း | ကျား/မ | | |
| | ၅ | ဝက်၊ နွား၊ ငါး မွေးမြူရေးသင်တန်း | ကျား/မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးမတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။